## Second Sunday in Ordinary Time

**1st READING:** ***Isaiah 49: 3, 5-6***

ဟေရှာယအနာဂတ္တိကျမ်း ၄၉း ၃၊ ၅–၆

အိုဣသရေလ၊သင်သည်ငါ၏ကျွန်ဖြစ်၏။ သင့်အားဖြင့်ငါ့ဘုန်းသည်ထင်ရှားလိမ့်မည်ဟုငါ့အားမိန့်တော်မူပြီ။ ငါသည်ထာဝရဘုရားရှေ့တော်၌အသရေထင်ရှား၍။ ငါ၏ဘုရားသခင်သည်ငါ့ကိုခိုင်ခံ့စေတော်မူသည်အကြောင်းနှင့်တကွဣသရေလအမျိုးသည်အထံတော်၌စုဝေးခြင်းကိုမခံသော်လည်း၊ငါသည်ယာကုပ်အမျိုးကိုအထံတော်သို့တဖန်ဆောင်ခဲ့ရသောကျွန်ဖြစ်စေမည်အကြောင်း၊ငါ့ကိုအမိဝမ်းထဲမှစ၍ဖန်ဆင်းတော်မူသောထာဝရဘုရားမိန့်တော်မူသည်ကား၊သင်သည်ယာကုပ်၏အမျိုးအနွယ်တို့ကိုချီးမြှောက်ခြင်းဘေးလွတ်သောဣသရေလသားတို့ကအိုရင်ကဲ့သို့ဖြစ်စေခြင်းအလိုငှါငါ့အမှုကိုဆောင်ရွက်သောအမှုသည်သာမညအမှုဖြစ်၏။ ထိုအမှုမကသင်သည်မြေကြီးစွန်းတိုင်အောင်ငါ၏ကယ်တင်ခြင်းကိုပြုစိမ့်သောငှါ၊သင့်ကိုတပါးအမျိုးသားတို့လင်းစရာအဘို့ငါခန့်ထားသည်ဟုမိန့်တော်မူသည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  40:2, 4, 7-8, 8-9, 10

ဆာလံကျမ်း ၄၀

**သံပြိုင်။** ။တပည့်တော်သည်ကိုယ်တော်၏အလိုတော်ကိုနှစ်သက်မြတ်နိုးပါ၏ ။
R. **Here am I, Lord; I come to do your will.**

၁။ ။ငါသည်ထာဝရဘုရားကိုစိတ်ရှည်သည်းခံခြင်းနှင့်စောင့်ငံ့လျက်နေ၏ ။ကိုယ်တော်သည်ရွှေနားတော်စွင့်တော်မူ၍၊ငါ၏အော်ဟစ်သံကိုကြားတော်မူ၏ ။ငါတို့၏ဘုရားသခင်အားချီးမွမ်းရာသီချင်းသစ်ကိုကိုယ်တော်သည်ငါ၏နှုတ်တွင်သွင်းပေးတော်မူ၏ ။ **သံပြိုင်။**
I have waited, waited for the LORD, and he stooped toward me and heard my cry. And he put a new song into my mouth, a hymn to our God.

၂။ ။ကိုယ်တော်သည်ယဇ်နှင့်ပူဇော်သက္ကာများကိုအလိုရှိတော်မမူ။သို့သော်ကိုယ်တော်သည်တပည့်တော်အားနာယူရန်ဖွင့်ထားသောနားကိုပေးတော်မူခဲ့၏ ။ကိုယ်တော်သည်မီးရှို့ရာယဇ်နှင့်အပြစ်ဖြေရာယဇ်တို့ကိုတောင်းတော်မမူ။ ထိုအခါတပည့်တော်က၊တပည့်တော်အသင့်ရှိပါပြီ။ **သံပြိုင်။**
Sacrifice or offering you wished not, but ears open to obedience you gave me. Holocausts or sin-offerings you sought not; then said I, “Behold I come.”

၃။ ။ကျမ်းစာလိပ်တွင်တပည့်တော်ကိုရည်ညွှန်း၍ရေးသားထားပါ၏ ။တပည့်တော်၏ဘုရား၊တပည့်တော်သည်ကိုယ်တော်၏အလိုတော်ကိုနှစ်သက်မြတ်နိုးပါ၏ ။ကိုယ်တော်၏ပညတ်တရားတော်ကိုတပည့်တော်စိတ်နှလုံးတွင်သိမ်းပိုက်ထားပါ၏ဟုလျှောက်ထားခဲ့၏ ။ **သံပြိုင်။**
“In the written scroll it is prescribed for me, to do your will, O my God, is my delight, and your law is within my heart!”

၄။ ။အိုထာဝရဘုရားကိုယ်တော်၏ဖြောင့်မတ်တော်မူခြင်းကိုတပည့်တော်၏စိတ်နှလုံးထဲ၌ဝှက်၍မထားပါ ။ကိုယ်တော်၏သစ္စာစောင့်သိတော်မူခြင်းနှင့်ကယ်တင်တော်မူခြင်းအကြောင်းတို့ကိုတပည့်တော် ဟောကြားပါပြီ။ ကိုယ်တော်၏မေတ္တာတော်နှင့်သစ္စာတော်ကိုလူအစုအဝေးကြီးအလယ်တွင်မထိမ်မဝှက်ပါ။ **သံပြိုင်။**
I announced your justice in the vast assembly; I did not restrain my lips, as you, O LORD, know. R/ **Here am I, Lord; I come to do your will.**

**2nd READING: 1 Corinthians 1:1-3**

ကော်ရင့်သုသြဝါဒပထမစာစောင် ၁း ၁–၃

ခရစ်တော်ယေရှုသခင်၏ တမန်တော်တစ်ပါးဖြစ် ရန်ဘုရားသခင်အလိုတော်ရှိ၍ ခေါ်တော်မူခြင်းခံခဲ့ရသော ငါပေါလု နှင့် ငါတို့ညီ ဆောစနက်တို့က ကောရင့်မြို့ရှိ ဘုရားသခင်၏ အသင်းတော်မှစ၍ သူတို့နှင့်ငါတို့၏သခင်ဖြစ်တော်မူသည့် ယေရှုခရစ် တော်၏ နာမတော်ကို ဆုတောင်းပဌာပြုကြ၍ ခပ်သိမ်းသောအရပ်ရပ်ရှိ သူအပေါင်းတို့နှင့်အတူ၊ ခရစ်တော်ယေရှုအားဖြင့် သန့်ရှင်းစင်ကြယ်ခြင်းသို့ ရောက်၍ သူတော်သူမြတ်များ အဖြစ်သို့ ခေါ်တော်မူခြင်း ခံရကြသောသူ အပေါင်းထံသို့ ငါစာရေးလိုက်ပါသည်။ ငါတို့အဖ ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်၏ ကျေးဇူး တော်နှင့် ငြိမ်းချမ်းခြင်း မင်္ဂလာသည် သင်တို့အ ပေါ်သို့ သက်ရောက်တော်မူပါစေ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဋ်တော်ပေတည်း။

**GOSPEL: John1:29-34**

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁း၂၉-၃၄

နောက်တစ်နေ့၌မိမိထံသို့ယေရှုးကြွလာတော်မူသည်ကိုမြင်လျှင်ယောဟန်ကကြွေးကြော်သည်မှာဘုရားသခင်၏သိုးငယ်တော်ကိုကြည့်ကြလော့။ လောကသားတို့၏အပြစ်ကိုကယ်ချွတ်တော်မူသောသူကိုကြည့်ကြလော့။ ငါမရှိမီရှိနှင့်တော်မူသည်ဖြစ်၍ငါ့ထက်သာ၍ကြီးမြတ်တော်သောသူသည်ငါ့နောက်မှာကြွလာမည်ဟုငါဆိုခဲ့သောသူသည်ဤသူဖြစ်သတည်း။ကိုယ်တော်ကိုယခင်ကငါမသိခဲ့။သို့သော်လည်းသူကိုအစ္စရေးလ်၌ထင်ရှားစေခြင်းငှါငါသည်ရေဖြင့်ဆေးကြောမင်္ဂလာကိုပေးခြင်းဖြစ်သည်ဟုဆိုလေ၏။ထို့အပြင်ယောဟန်ကသက်သေခံသည်ကားဝိညာဉ်တော်သည်ကောင်းကင်မှချိုးသဏ္ဍာန်ဖြင့်ဆင်းသက်၍သူ၏အပေါ်၌နားနေသည်ကိုငါမြင်ရ၏။ငါသည်ကားသူ့ကိုသိသည်မဟုတ်၊သို့ရာတွင်ရေဖြင့်ဆေးကြောရန်ငါ့ကိုစေလွှတ်တော်မူသောသူက၊အကြင်သူ၏အပေါ် ၌ဝိညာဉ်တော်သည်ဆင်းသက်၍နားနေတော်မူသည်ကိုသင်မြင်ရလိမ့်မည်။ဤသူသည်သန့်ရှင်းသောဝိညာဉ်တော်ဖြင့်ဆေးကြောသောသူဖြစ်သတည်း။ငါသည်လည်းမြင်သောကြောင့်ဤသူသည်ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းကိုငါသက်သေခံသည်ဟုဆို၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။